ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

2.5.2023

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
စုံစမ်းဆဲ	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မန္တလေးတိုင်း

မေလ(၁)ရက်နေ့မနက်(၆)နာရီခန့်တွင် အမရပူရမြို့နယ်ရှိ မြို့မရဲစခန်းကို Generation Z Power – GZP (Mandalay)၊ အမရပူမြို့နယ်(ပကဖ)၊ ကျောက်ဆည်ခရိုင် (ပကဖ)နှင့် TFK – AMAတို့က ပူးပေါင်း၍ ဗုံး (၂)လုံး၊ မနက်(၇)နာရီကျော်ချိန်တွင် ဗုံး (၁)လုံး စုစုပေါင်း(၂)ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရန်သူ့ဘက်မှ ပြန်လည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး လူနာတင်ကားများလည်း ရဲစခန်းအတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများ

မန္တလေးတိုင်း

မေလ(၁)ရက်နေ့မနက်(၁၀)နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ အနောက်ထိပ်ရှိ ကွမ်းယာဆိုင်တွင် ထိုင်နေသည့် အမျိုးသား(၂)ဦးနှင့်ဆိုင်ရှင်ဖြစ်သူတို့ကို ရန်သူ့တပ်များက PDFများနှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲ၍ ဖမ်းဆီးသွားခဲ့သည်။ အဆိုပါ (၃)ဦးအနက်မှ အမျိုးသား (၂)ဦးကို ရန်သူ့တပ်က ပြန်လည်လွှတ်ပေးခဲ့ပြီး ဆိုင်ရှင်ဖြစ်သူကို ဆက်လက်ဖမ်းဆီးထားပြီး ဆိုင်ပိုင်ရှင်၏ ဖုန်း၊ ဆိုင်ကယ်နှင့် ပိုက်ဆံများကို သိမ်းယူသွားခဲ့သည်။